# လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် မူဝါဒ

သို့၊ မိဘ နှင့် အုပ်ထိန်းသူများ၊

ပညာရေး ဌါန သည် လူမျိုးရေးခွဲခြားမှု ကို မည် သည့် ပုံသဏ္ဍာန် ဖြင့် ဖြစ်စေ၊ လုံးဝ လက်မခံ သည့် အပြင်၊ NSW ပြည်နယ် တွင်း ရှိ ကျောင်းများ တွင် လူမျိုး ရေး ခွဲခြား မှု အသွင် သဏ္ဍာန် အား လုံး ကို အမြစ်တုံးအောင် ခြေမှုန်း မည် ဖြစ်သည်။ ပညာရေး ဌါန ၏ Anti-Racism Policy (လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး မူဝါဒ) သည် မည်သည့် ကျောင်းသား၊ ဝန်ထမ်း၊ မိဘ၊ အုပ်ထိန်းသူ နှင့် လူမျိုးစု အဖွဲ့ ဝင် အား လုံး အပါ အဝင်၊ ကျောင်း ပတ်ဝန်းကျင်တွင် လူမျိုးရေး ခွဲခြားမှု ကို မတွေ့ ကြုံ ရစေရန် ဖြစ်သည်။

ဤ မူဝါဒ ၏ တောင်း ဆို ချက်မှာ၊ ကျောင်း နှင့် ပတ်သက် သည့် လူမျိုး စု ဝင် အသီးသီး အား၊ သူတပါး ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဘာသာရေး ယုံကြည်မှု အစရှိ သည် တို့ ကို လေးစားမှု သဘောထား ပြသခြင်း၊ လက်ခံသည့် သဘောထားများ ပြသခြင်း၊ ကျောင်းပတ်ဝန်းကျင်တွင် သဟဇာတ မြှင့်တင်ခြင်း များ ကို တောင်း ဆို ထားသည်။

ကျောင်း အသီးသီး များ တွင်လည်း လူမျိုးရေး ခွဲခြားမှု ဆန့်ကျင်သည့် တာဝန်ခံ (Anti-Racism Contact Officer (ARCO)) များ ထား ရှိ ထား ပြီး၊ ၎င်း တို့မှာ လူမျိုးရေး ခွဲခြား မှု အမှု အကျင့်များ ကို တုန့်ပြန်ခြင်း၊ ကျောင်းအသိုင်း အဝိုင်း တွင်းတိုင် ကြား မှု များ ကို ထောက်ကူပေး ရန် အတွက် သင်တန်း တက် ထား သူများ ဖြစ်သည်။ လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး မူဝါဒ အကြောင်းအရာများ နှင့် ပတ်သက် ၍ သော် ၎င်း၊ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင်သည့် တာဝန်ခံ ARCO ၏ တာဝန် ဝတ္တရား များ ကို သော်၎င်း ပိုမိုသိလို လျှင် Anti-Racism Policy - Information for parents and carers (လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး မူဝါဒ - မိဘ နှင့် အုပ်ထိန်းသူ များ သိအပ်သည့် အကြောင်းအရာများ)ဆိုသည့် ဝဘ်ဆိုက် သို့ သွား ရောက် ဖတ်ရှု နိုင် သည်။

ကျောင်းပတ်ဝန်းကျင် တွင် အပြုသဘောဆောင် သည့် ပတ်ဝန်းကျင်လူမျိုးရေးခွဲခြားမှု ကို ဆန့်ကျင် ရာမှာ  ကူညီ ထိန်းသိမ်းပေး သည့် အတွက်၊ ကျေးဇူး တင်ပါ သည်။ အကယ်၍ ကျောင်းတွင်၊ သင့် ကလေး ကကြုံ ခဲ့ခြင်း ဖြစ်စေ၊ သင့် အနေဖြင့်၊ အခြား လူမျိုးရေး ခွဲခြား မှု အခြေ အနေ ကို မြင်တွေ့ ရလျှင် ဖြစ်စေ၊ သင့် အနေဖြင့် အကူ အညီလို အပ်လျှင် ၎င်း၊ အကြောင်း အရာ ပို ၍ စုံစမ်း လိုလျှင်၎င်း ကျွန်ုပ်ကို ဆက်သွယ် နိုင် ပါသည်။

လေးစားစွာဖြင့်၊

ကျောင်းအုပ်ကြီး၊

## စကားပြန် အကူ အညီ

သင့် အနေဖြင့် အကြောင်း အရာ ပို မို သိလိုလျှင် ၎င်း၊ ကျောင်း သို့မဟုတ် ကျောင်းအုပ် ကြီး ကို အဆက်အသွယ် ပြုလုပ် ရန် စကား ပြန် လို အပ် ခဲ့ လျှင် ၎င်း၊ ဘာသာပြန် ဌါန ဖြစ်သည့် 131 450 ကို ဆက်သွယ် ၍ မြန်မာ ဘာသာ စကားပြန် လို အပ် ကြောင်း တောင်း ဆို ပါ။

အော်ပရေတာ ကို ကျောင်း ဖုံးနံပါတ် ပေး ပြီး၊ အော်ပရေတာ က သင့် အား ကူညီ စကား ပြော ပေး ရန် မြန်မာ စကား ပြန် ကို ခေါ် ၍ ကျောင်းကို ဖုံး ဆက် ပေးမည်။

စကားပြန် ဝန်ဆောင် မှု ကို အသုံး ချ သည့် အတွက် အခ ပေး ရန် မလို ပါ။